[illegible]

Infant Baptism in Early Church History By Dennis Kastens

ခမ္မသစ်အသင်းတော်စတင်ခဲ့သော ပင်တေကုတ္တေပွဲနေ့ (တမန် ၂ း ၃၈ -၃၉)မှစ၍ ယနေ့ အချိန်အထိ မချိုးမဖေါက်ဘဲ ခလေးသူငယ်များကို ဗတ္တိဇံမင်္ဂလာပေးကြပါသည်။မိသားစုတစ်ခုလုံး ယုဒလူမျိုးနှင့်သာသနာပလူတို့ကို သခင်ယေရှု၏တမန်တော်စစ်စစ် (၁၂)ပါးတို့က ဗတ္တိဇံပေးခဲ့ကြပါသည်။(၁ ကော ၁ း ၁၆ တမန် ၁၁ း ၁၄ ၊ ၁၆ း ၁၅, ၃၃၊ ၁၈ း ၈) ယင်းကိုနောက်ပိုင်းမျိုးဆက်များစွာကဆက်လက်လုပ်ဆောင်ခဲ့ကြပါသည်။

**ရှေဦးအသင်းတော်**

Polycarp (69-115) တမန်တော်ရှင် ယောဟန်၏တပည့်သည် ခလေးဘ၀ကပင် ဗိတ္တိဇံခံယူခဲ့ပါသည်။ သူအသတ်ခံရခါနီးတွင် ယင်းကိုထုတ်ဖေါ်ပြောပြခဲ့ပါသည်။နှစ်ပေါင်း ၈၆နှစ် ကျွန်ုပ်သခင်ခရစ်တော်၏အမှုကို ထမ်းဆောင်ခဲ့၏။

Justin Martyr (100-166) သည် AD 150 တွင် "ငယ်စဉ်ကတည်းက ခရစ်တော်နောက်လိုက်ဖြစ်ခဲ့သော များစွာသောယောကျာ်း၊ မိန်းမတို့သည် အသက်(၆၀/၇၀) နှစ်ကြာသောလဲ ယုံကြည်ခြင်း၌တည်ကြည်လျှက်ရှိနေကြဆဲဟု ဆိုခဲ့ပါသည်။ထို့အပြင် ဗတ္တိဇံ မင်္ဂလာသည် ဓမ္မသစ်ကာလ၏ အရေဖျားလှီးဖြတ်ခြင်း ဖြစ်သည်ဟု ဆိုခဲ့ပါသည်။

Irenaeus (130-500) သည် AD 185 တွင် " သခင်ယေရှုသည် လူသားအားလုံးကိုကယ်တင်ရန် ကြွလာသည်။ အားလုံး ခလေးသူငယ်များ ယောကျာ်းလေးများ လူငယ်များလူအိုများ ခရစ်တော်အားဖြင့် အသစ်သောမွေးဖွားခြင်းကို ခံစားရကြသည်။ဟု ဆိုခဲ့ပါသည်။

**အသင်းတော်ကောင်စီ အစည်းအဝေးနှင့် ထုတ်ပြန်ချက်များ**

အထက်ပါအတိုင်း ပြောဆိုချက်များကိုမျိုးဆက်အလိုက်တွေ့ရှိရပါသည်။Origen (185-254) နှင့် cyprian (215-258) တို့သည် carthage တွင် AD 254 တွင်ပြုလုပ်သော အသင်းတော် ကောင်စီ အစည်းအဝေးတွင် တင်ပြခဲ့ကြသည်။အသင်းတော်များကို ကိုယ်စားပြုကြသော သာသနာပိုင် ၆၆ ပါးမှ ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သော ဗတ္တိဇ မင်္ဂလာကို မည်သူကိုမှ ကျွန်ုပ်တို့ကွယ် ဖွက်မထားပါ။အထူးသဖြင့် မွေးဖွားစ ခလေးများကို ဆိုလိုပါသည်။ ယင်းအစည်းအဝေး၏ သတ်မှတ်ချက်အရ Origen ရေးသားသောရောမဩဝါဒစာ အနက်ဖွင့်ကျမ်းတွင် "တမန်တော်တို့မှ စတင်ခဲ့သော အသင်းတော်သည် သတ်မှတ်ချက်မထားဘဲခလေးသူငယ်မှ အစဗတ္တိဇံ မင်္ဂလာကိုပေးခဲ့သည်မှာ အစဉ်အလာတစ်ခုပင် ဖြစ်ပါသည်။ဘုရားသခင်၏ အံ့ဖွယ်သော ဤအရာသည် အပြစ်တရားကိုပိုင်ဆိုင်ထားသော လူသားအားလုံးအတွက် ဖြစ်ပါသည်။ ရေနှင့် ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံပေးခြင်းဖြစ်ပါသည်။ (ရောမ ၅ း ၉)

ထို့ပြင် Origen သည် ရှင်လုကာခရစ်ဝင်အခန်းကြီး ၁၄ ကို ဖော်ပြရာတွင် "အပြစ်တရားသည်အားလုံးတွင် တည်ရှိသော ကြောင့်ခလေးသူငယ်များကို ဗတ္တိဇံ မင်္ဂလာပေးရမည်။" ဟုရေးသားခဲ့ပါသည်။နယ်မြို့မှသာသနာပိုင် ဆရာတော် Fidus ၏ဗတ္တိဇံနှင့် ပါ၀င်သော မေးမြန်းချက်ကို Cyprain ကခလေးမွေးပြီး ၈ ရက်ကြာမှ အရေဖျားလှီးခြင်းကိုပြုလုပ်သော ယုဒလူတို့ကဲ့သို့ ငါတို့သည် စောင့်ပြီးမှ ဗတ္တိဇံပေးရမည်လား။ မဟုတ်ပါမွေးဖွားသည် နှင့် ပေးသင့်ပါသည်။" ဟု ပြန်ကြားခဲ့ပါသည်။

ပညာသိပ်မတတ်သော ယုံကြည်သူအသစ်ဖြစ်လာသော တချို့သာသနာပိုင်များ၏ ဗတ္တိဇံမင်္ဂလာအပေါ် နားလည်မှု လွဲမှားခြင်းအတွက် Carthage (AD 418) တွင်ပြုလုပ်သော (၁၆)ကြိမ်မြောက်အသင်းတော် ကောင်စီ အစည်းအဝေးမှ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။"မွေးဖွားစ ခလေးသူငယ်များသည် ဗတ္တိဇံ မလိုဟုဆိုသောသူကို ရှုံ့မုန်းဖွယ် မကောင်းဆိုးဝါးအဖြစ် သတ်မှတ်ရန်။

**Augustine**

Augustine (354-430) ခလေးသူငယ်များကို ဗတ္တိဇံပေးသည့်မိခင်အသင်းတော်သည် တမန်တော်တို့၏ အစဉ်အလာတစ်ခုဟု ဆိုလျှင်လက်မခံပါ။ခရစ်ယာန်တစ်ဦးဖြစ်လာမည်ဆိုလျှင် ဗတ္တိဇံမယူမှီ သေဆုံးသောခလေးတို့သည် ဗိဇအပြင်လွတ်ခြင်းကို ခံစားရရှိမည်ဟု မဟောမပြော မသွန်သင်ပါနှင့် ထို့ပြင်ပတ္တိဇံမင်္ဂလာမခံယူဘဲသေဆုံးသော ခလေးတို့သည် ခရစ်တော်၌ တည်ရှိမည်ဟုသွန်သင်သူမည်သူမဆို သည်တမန်တော်တို့၏သွန်သင်ချက်ကို လည်းကောင်း၊ အသင်းတော်ကိုလည်းကောင်း ဆန့်ကျင်သူသာဖြစ်ပေမည်’ ဟုဆိုခဲ့ပါသည်။

ယင်းအချိန်ကာလ ခရစ်ယာန်အသင်းတော်သမိုင်းတွင် ခလေးသူငယ်များကို ဗတ္တိဇံပေးခြင်းကို အထူးလမ်းညွှန်ချက်နှင့် အသေးစိပ်ညွှန်ကြားချက်များကိုပေးအပ်ခဲ့ကြောင်းတွေ့ရှိပါသည်။AD - 517 တွင် သာသနာပိုင် (၇)ဦးတို့သည် Gerona, catelina တို့တွင်တွေ့ဆုံပြီး စပိန်အသင်းတော်အတွက် စည်းကမ်းချက် (၁၀)ချက်ကိုထုတ်ပြန်ပေးခဲ့ကြပါသည်။ အမှတ်(၅)အချက်တွင် အကယ်၍ ခလေးသူငယ်မွေးဖွားပြီး နာမကျန်းဖြစ်ခဲ့လျှင် ချက်ခြင်းပင် ဗတ္တိဇံမင်္ဂလာပေးရမည်ဟု ဖော်ပြထားပါသည်။ယင်းကို အရှေ့နှင့်အနောက် ဥရောပနိုင်ငံများတွင် အမှောင်ခေတ်ကာလနှင့် အလယ်ခေတ်ကာလမှ ယနေ့ခေတ်ကာလအထိ သုံးစွဲလျက်ရှိပါသည်။ ပုံမှန်အားဖြင့် ခလေးမွေးပြီး တစ်ပတ်အကြာတွင် ဗတ္တိဇံပေးကြသောလည်း ခလေးကျန်းမာရေးမကောင်းပါက မွေးဖွားသည်နှင့် ပေးကြပါသည်။ယင်းအချက်ကို AD - 260 ခန့်တွင် မြောက်အာဖရိကတိုက် တွင် ပြုလုပ်ခဲ့ကြောင်းသက်သေရှိပါသည်။Hadrumetum

Arisus in pace

natus ora sexta

bixit supra scriptas VIIII

အထက်ပါလက်တင်စာသည် ခလေးတဦး ဗတ္တိဇံ ယူပြီး ၉ နာရီအကြာတွင် ကွယ်လွန်ကြောင်းရေးသားထားခြင်းဖြစ်ပါသည်။ခလေးမွေးဖွားပြီး ပထမရက် သို့မဟုတ် ခလေးနေမကောင်းပါက မွေးဖွားပြီးချင်း တ္တိဇံ ပေးသည့်ဓလေ့ကို ပရိုစတက်တင်း အသင်းတော်၊ ရိုမန်ကက်သလစ်အသင်းတော်နှင့် အရှေ့အော်သဒေါ့စ် အသင်းတော်များက ကျင့်သုံးခဲ့ကြပါသည်။

**ဥမင်လှိုင်ခေါင်းသင်္ချိုင်းမှ သက်သေများ**

ရှေးဦးအသင်းတော်ဖခင်များ အသင်းတော်ကောင်စီနှင့် ထုတ်ပြန်ချက်များတွင် ပထမရာစု ခရစ်ယာန် အသင်းတော်တွင် ခလေးများကို ဗတ္တိဇံပေးခဲ့သည့်အထောက်အထားများကို အရှေ့အလယ်ပိုင်း အာဖရိကနှင့် ဥရောပတောင်ပိုင်းများရှိ ဥမင်လှိုင်ခေါင်း သင်္ချိုင်နှင့် ရိုးရိုးသင်္ချိုင်းများတွင် တွေ့ရှိခဲ့ရပါသည်။

စိတ်ဝင်စားဖွယ်အချက်မှာ AD 200 မတိုင်မှီခရစ်ယာန်သင်္ချိုင်တွင် ကမ္ပည်းစာများမရေးထိုးခဲ့ကြပါ။ယင်းဒေသတွင် ခရစ်ယာန်သာသနာရောက်ရှိသည်နှင့် ခလေးသူငယ်ဗတ္တိဇံယူခဲ့သည့်အထောက်အထားများကို ခရစ်ယာန်သင်္ချိုင်မှ တွေ့ရှိခဲ့ရပါသည်။

ယင်းရာစုနှစ်တွင် ကွယ်လွန်ခဲ့သော ခလေးများ၏သင်္ချိုင်ကျောက်စာများကို လေ့လာရာခလေးသူငယ်ဗတ္တိဇံယူခဲ့ကြောင်းကို တွေ့ရှိခဲ့ရပါသည်။အောက်ဖော်ပြမည့်တွေ့ရှိချက်တို့သည် AD 200 အစောပိုင်းကာလ သို့မဟုတ် နောက်ပိုင်းအစောဆုံးကာလ အချိန်ကာလဖြစ်ပါသည်။ယင်းသင်္ချိုင်းဒုတိယနောက်ဆုံးစာကြောင်းတွင် Dei Seriv(u)s ဟု ရေးထားရာ အဓိပ္ပာယ်မှာ ဘုရားသခင်၏ကျွန်ဟု ဖြစ်ပါသည်။Chi Rho ခရစ်တော်၏အမှတ်သင်္ကေတဖြစ်ပါသည်။နောက်ဆုံးစာကြောင်းမှာ ichtheos မှာငါးသင်္ကေတဖြစ်ပြီးသခင်ယေရှုခရစ်တော်ဘုရားသခင်၏ သားတော်ကယ်တင်ရှင်ဟု ဖြစ်ပါသည်။ ယင်းစာများကို ဗတ္တိဇံယူထားသည့် တစ်နှစ်အရွယ် ၂ လအရွယ်နှင့် ၄ ရက်အရွယ်ခလေးသင်္ချိုင်းဂူများတွင် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဖြစပါသည။

ရှေးဟောင်းပြတိုက်ရှိ AD 200 က ဂရိကျောက်စာသည် သာသနာတော်နှင့် ပါတ်သတ်၍ များစွာသော သတင်းအချက်အလက်များကိုရရှိစေခဲ့ပါသည်။ကွယ်လွန်သူ ခလေးတို့၏ မိဘများမှ ထွင်းထုထားသော စာများ ဖြစ်သည်။"ကျွန်ုပ် Zosimus ယုံကြည်သူများထဲမှယုံကြည်သူသည် အသက် ၂ နှစ် ၁ လ ၂၅ ရက် အသက်ရှင်ပြီး ဤနေရာတွင် လဲလျောင်းနေသည်။" ဟုရေးထွင်းထားပါသည်။ထို့ပြင် ယင်းခေတ်ကာလတွင် အရေးပေါ်ဗတ္တိဇံမင်္ဂလာခံယူပြီး အသက် ၁၁ လမှ ၁၂နှစ် အရွယ် ခလေးကျောက်စာတုံးများစွာလည်းရှိပါသည်။၃ ရာစုနှင့် ယင်းထက်စောသောကာလများတွင် ခရစ်ယာန်တို့၏ သားသမီးများသည် မွေးဖွားပြီးသည့်နှင့် ဗတ္တိဇံမင်္ဂလာခံယူခဲ့ကြောင်းသိရှိခဲ့ပါသည်။ တစ်ခုထူးခြားသည်မှာ ယင်းအရေးပေါ်ဗတ္တိဇံမင်္ဂလာများကို ခရစ်ယာန်မဟုတ်သူများက တောင်းဆို၍ပြုလုပ်ပေးခဲ့ခြင်းပင်ဖြစ်သည်။

## ကွယ်လွန်သူကို ရည်စူးလျက်

Florentius မှ ဤစာကိုထွင်းထုပါသည်။

ချစ်သောသား Apronianus အသက်တစ်နှစ် ၉ လနှင့် ၅ ရက်

သူ့ကို အဖွားမှတကယ် ချစ်မြတ်နိုးသည်

မကြာမှီ ကွေလွင့်တော့မည်ကို အဖွားမှသိရှိသဖြင့် ယုံကြည်သူတစ်ဦးအနေဖြင့် ဤလောကမှ ထွက်ခွာနိုင်ရန် အသင်းတော်ကို တောင်းဆိုခဲ့သည်။

ဖခင်ဖြစ်သူ Florentius သည် မယုံကြည်သူဖြစ်သောလည်း အဖွားဖြစ်သူမှ ဗတ္တိဇံမင်္ဂလာပေးနိုင်ရန်အသင်းတော်ကိုတောင်းဆိုခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။ယင်းသချိုင်းစာ ပထမစာကြောင်းသည် သေဆုံးသည့်ခလေးဖခင်မှာ မယုံကြည်သူဖြစ်ကြောင်း သိသာသည့်အချက်မှာ ယင်းစာမျိုးကို မည်သည့်ခရစ်ယာန်သချိုင်းတွင်မှ မတွေ့ရှိခဲ့ရပါ။ယင်းစာအရ သာသနာပြုတဦးမှ သေအံဆဲခရစ်ယာန်မဟုတ်သည့် ခလေးတစ်ဦးကို ဗတ္တိဇံ ပေးခဲ့ကြောင်း သိရှိရပါသည်။

**တွဲပြားဆန့်ကျင်သော ဝါဒ**

ခရစ်တော်မှသည် အသင်းတော်ပြုပြင် ပြောင်းလဲခဲ့သော AD 1500 အထိ ခလေးသူငယ် ဗတ္တိဇံ မင်္ဂလာပေးခြင်းကို သဘောရိုးဖြင့် ဆန့်ကျင်ခဲ့သူမှာ Tertullian (160-215) carthage, အာဖရိကသာသနာပိုင်ဖြစ်ပါသည်။သူ၏ထူးခြားသောတင်ပြချက်မှာ သာသနာပခလေးများကို တာဝန်မခံယူသောခေါင်းကိုင်မိဘများမှ အသင်းတော်သို့ သွတ်သွင်းသည့်အချက်ဖြစ်ပါသည်။ သူ၏တင်ပြချက်မှ လွန်စွာ အခြေခံကျခဲ့ပါသည်။သူမှ အပြစ်တရားသည် လူလားမြောက်သည့် အရွယ်မှ စတင်သည်ဟု ဆိုပါသည်။အသက် ၁၄ နှစ်အရွယ်ခန့်သည် လူကို ပရတိသုဘုံမှ မောင်းထုတ်နိုင်စွမ်း ရှိသည်ဟု ဆိုလာပါသည်။ယင်းအချက်သည် ဇီဇအပြစ်ဆိုင်ရာနှင့် ဆန့်ကျင်ပါသည်။သူသည် သမ္မာကျမ်းစာအအပြင်ဖက်မှ အယူအဆများကိုဖွင့်ဟလာပြီးနောက် Montanism ဟုခေါ်သောအဖွဲ့နှင့် AD 207 တွင်ပူးပေါင်းခဲ့ပါသည်။Montanism သည်လူသားတို့၏အလုံးဆုံးဖောက်ပြန်ခြင်းနှင့် အပြစ်တရားပြည့်ဝမှုကို ဆန့်ကျင်သည့် အယူဝါဒဖြစ်သည်။သူတို့သည် သန့်ရှင်းသောဝိညာန်တော်နှင့် ဆန်းကျယ်သော ဆုကျေးဇူးကို အထူးအလေးထားသော အဖွဲ့ဖြစ်သည်။ယင်းသည် ယနေ့ဝိညာန်ဆု ကျေးဇူးကို အလွန်အလေးအနက်ထားသော Charismatic ၏အစပင်ဖြစ်ပါသည်။

အဓိကပင်မ ခရစ်ယာန်သွန်သင်ချက်မှ သွေဖယ်သွားသော သာသနာပိုင် Tertullian နောက်ပိုင်း ၄ ရာစု အလယ်ပိုင်းတွင် ခလေးသူငယ်ဗတ္တိဇံကိုဆန့်ကျင်သော နောက်အဖွဲ့ပေါ်လာပါသည်။ သူတို့သည် ဗတ္တိဇံယူပြီးနောက်တွင် ဝင်လာမည့်အပြစ်တရားကို ကြောက်ရွံ့ကြသော အဖွဲ့ဖြစ်ပါသည်။သူတို့သည် အသက်အရွယ် ကြီးလာပြီး မကျမ်းမမာ သေဆုံးခါနီးမှ ဗတ္တိဇံပေးသောအယူကို လက်ခံကြသည်။သူတို့ခလေးသူငယ် ဗတ္တိဇံကိုလုံးလုံးလျှားလျှား ငြင်းဆန်သောသူများမဟုတ်ပါ။အကယ်၍ ခလေးဖြစ်စေ၊ လူကြီးဖြစ်စေ သေခါနီးအချိန်မှသာ ဗတ္တိဇံပေးခြင်းကို လက်ခံကြပါသည်။

**ရှေးဦးနှစ်ခြင်း**

AD 1520 အထိခရစ်ယာန်အသင်းတော်တို့ကျင့်သုံးနေသော ခလေးသူငယ်ဗတ္တိဇံပေးခြင်းကို တိတိကျကျ ဆန့်ကျင်ခဲ့ခြင်းမရှိခဲ့ပါ။ Thomas Muenzer နှင့် အပေါင်းအပါတို့သည်အစိုးရနှင့် သာသနာရေးတာဝန်ရှိသူများ၊ မူလဗီဇ အပြစ်နှင့် လူသားတို့၏ ကိလေသာတို့ကိုဆန့်ကျင်ပြီးတာဝန်ခံနိုင်စွမ်းရှိသော အသက်အရွယ်ကို သတ်မှတ်လာကြသည်။ ယင်းတို့၏သဘောခံယူချက်ကို သမ္မာကျမ်းစာကအထောက်အကူမပြုပါ။သို့သော်လည်း အတော်အတန်အင်အားရှိသော ကရှေးဦးဆွိဇလန်၊ ဂျာမန် နှင့် ဒတ်ချ်လူများ ယင်းနှစ်ခြင်းခံယူချက်ကို လက်ခံပြီးပူးပေါင်းပါဝင်ခဲ့ကြပါသည်။ယင်းကို ရိုမန်ကက်သလစ် အသင်းတော် လူသာရင်အသင်းတော်နှင့် ရီဖေါင်းအသင်းတော်တို့က ပြင်းထန်စွာသတိပေးပြီးလည်ပြန် ဆန်းစစ်ရန် တိုက်တွန်းခဲ့ပါသည်။သခင်ယေရှု၏ကြီးမားသော စေစားမှု(မသဲ ၂၈ း ၁၈ -၂၀) အရခေတ်အဆက်ဆက် ကျင့်သုံးခဲ့သောမည်သည့် အသက်အရွယ်မဆို ဗတ္တိဇံပေးရန်သွန်သင်ချက်ကိုဆန့်ကျင် ကျင့်သုံးကြသည်မှာ ရှက်ဖွယ်ပင် ဖြစ်ပါသည်။

**အသက်အရွယ်မခြားသဲ အသစ်ပြုပြင်ခြင်း**

မည်သူသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်ကိုအသက်အရွယ်ကြီးသူကိုသာပေးပြီး မွေးဖွားစခလေး နှင့် သူငယ်များကို ချန်ထားနိုင်ခွင့်ရှိသနည်း။အကယ်၍ ဗတ္တိဇံဆရာယောဟန်သည် အမိဝမ်းထဲကပင် သန့်ရှင်းသော ဝိညာန်တော်နှင့်ပြည့်ဝခဲ့သည် မှန်လျှင်(လုကာ ၁ း ၁၅)အကယ်၍ သခင်ယေရှုက (မသဲ ၁၈ း ၆) "ငါ့ကိုယုံကြည်သော ဤသူငယ်တစ်စုံတစ်ယောက်ကိုအကြင်သူသည် မှားယွင်းစေ၏။ထိုသူသည် လည်ပင်း၌ ကြိတ်ဆုံကျောက်ကို ဆွဲ၍ နက်နဲသောပင်လယ်၌ နှစ်မြှုပ်ခြင်းကို ခံရလျှင် အနေသာ၍ ကောင်း၏"ဟု မိန့်တော်မူခဲ့သည် မှန်လျှင် အကယ်၍ တမန်တော်ရှင်ပေတရုသည် ပင်တေကုတ္တေပွဲနေ့တွင် (တမန် ၂ း၃၉)အကြောင်းမူကား ဂတိတော်သည် သင်တို့နှင့် ၎င်းသင်တို့၏သားသမီးတို့နှင့်၎င်း . . . "ဟု ပြောဆိုခဲ့သည်မှန်လျှင် . . . စိတ်နှလုံး ချမ်းသာစေသော ဂရုဏာတော် ဖြင့် ဖိတ်ခေါ်သံကို ခလေးသူငယ်များအတွက် (သို့)နောင်မျိုးဆက်ခလေးများ အတွက် ပိတ်ပင်ခြင်း သည် မှန်ကန်ပါသလား? ဓမ္မသစ်ကျမ်းမှ ဖိလိပ္ပိမြို့ထောင်မှူး၊ လုဒိ၊ ကော်နေလိ၊ ကရိပ္ပုနှင့် သတေဖန် တို့သည် မိသားစုအလိုက် ဗတ္တိဇံကို ယူကြပြီး ယုံကြည်ခြင်းကို ရရှိခဲ့ကြသည်။ယင်းအချက်တို့သည် ဘယ်သောအခါမှ မပြောင်းလဲဘဲအမြဲတမ်း တည်ရှိ နေကြမည့် သက်သေများ ဖြစ်ပါသည်။

ဟုတ်ပါသည်။ကျွန်တော်တို့ခလေးများကိုဗတ္တိဇံပေးပါသည်။အမှားမရှိပါ။ယင်းကို သမ္မာကျမ်းစာက သက်သေ ထူပေးပါသည်။ခရစ်ယာန်တို့၏သမိုင်းသည် မချိုးမဖောက်သကဲ့သို့ မှားယွင်းစွာလည်း အနက်မဖေါ်ပြပါ။ခေတ်အဆက်ဆက် မျိုးဆက်များစွာ ဤသို့ကျင့်သုံးလာခဲ့ပါသည်။ခရစ်ယာန်များနောက်ကျမှုမရှိဘဲလျှင် မြန်စွာဖြင့် တမန်တော်တို့ အတည်ပြုထားသည်အတိုင်း အသက်အရွယ်မရွေးဗတ္တိဇံမင်္ဂလာကို ခံယူစေပြီးကယ်တင်ခြင်းနှင့် အသက်တာအ သစ် ပြုပြင်ခြင်းဆု ကျေးဇူးကို ခံစားစေလိုပါသည်။

ခရစ်တော်၌ဗတ္တိဇံကိုခံသော သူရှိသမျှတို့သည် ခရစ်တော်ကိုယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။
(ဂလာတိ ၃ း ၂၇)

ခလေးများသည်လည်း အပြစ်ရှိကြ၏ - ဆာလံ ၅၁ း ၅

ခလေးများသည်လည်း ယုံကြည်နိုင်ပါသည် - မသဲ ၁၈ း ၃-၆

ဗတ္တိဇံမင်္ဂလာသည် ကယ်တင်သည် - ၁ပေ ၃ း ၂၀ ရောမ ၆ း ၃-၄

မိသားစုတစ်ခုလုံးကယ်တင်ခြင်းရရှိကြသည်။

တမန် ၁၁ း ၁၄၊ ၁၆ း ၁၄ - ၁၅, ၂၈ - ၃၃, ၁၈ း ၈, ၁ ကော ၁ း ၁၆